# ကုမ္ပဏီစီမံအုပ်ချုပ်မှုအဖွဲ့၏ ဆွေးနွေးမှုများနှင့် လေ့လာဆန်းစစ်ချက်

အောက်ဖော်ပြပါ သုံးသပ်ချက်များသည် အမတဟိုး(လ်)ဒင်းအများနှင့်သက်ဆိုင်သောကုမ္ပဏီ လီမိတက် ("ကုမ္ပဏီ")၏ ၂၀၂၂ ခုနှစ်၊ မတ်လ (၃၁) ရက်နေ့ ("၂၀၂၀-၂၀၂၂ ဘဏ္ဍာရေးနှစ်ဝက်") တွင် ကုန်ဆုံးသော နှစ်ဝက်ဘဏ္ဍာနှစ်အတွက် ကုမ္ပဏီ၏ စာရင်း မစစ် ရသေးသော ပေါင်းစည်း ရေးဆွဲထားသည့် နှစ်ဝက် ဘဏ္ဍာရေးရှင်းတမ်းများအပေါ် အခြေခံထားသော သုံးသပ်ထုတ်ပြန် ကြေငြာချက် ဖြစ်ပါသဖြင့် ထိုဘဏ္ဍာရေးရှင်းတမ်းများနှင့်အတူ ယှဉ်တွဲ ဖတ်ရှုသင့်ပါသည်။ အခြား ငွေကြေးအနေဖြင့် သီးခြား ဖော်ပြထားခြင်းမရှိလျှင် ငွေပမာဏအားလုံးကို မြန်မာကျပ်ငွေဖြင့်သာ သုံးသပ်ဖော်ပြထားပါသည်။

## ၁။ လုပ်ငန်းဆောင်ရွက်မှု ရလဒ်များ

၂၀၂၀ ခုနှစ် မတ်လ ၃၁ ရက်နှင့် ၂၀၂၂ ခုနှစ် မတ်လ ၃၁ ရက်နေ့တို့တွင် ကုန်ဆုံးသော နှစ်ဝက်ဘဏ္ဍာရေးနှစ်များအတွက် ကျွန်ုပ်တို့လုပ်ငန်းစု၏ လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာ စွမ်းဆောင် ချက် များကို အောက်တွင်ဖော်ပြထားပါသည်။

| (မြန်မာကျပ်ငွေ) | ၂၀၂၂ ခုနှစ် မတ်လ ၃၁ ရက်နေ့တွင် ကုန်ဆုံးသော ဘဏ္ဍာရေးနှစ် (၆ လ) | ၂၀၂၀ ခုနှစ် မတ်လ ၃၁ ရက်နေ့တွင် ကုန်ဆုံးသော ဘဏ္ဍာရေးနှစ် (၆ လ) | ပြောင်းလဲမှု % |
|---|---|---|---|
| **လုပ်ငန်းမှရောင်းရရငွေ** | | | |
| အခန်း | ၄၂,၁၁၃,၂၄၂ | ၃,၂၄၈,၂၉၅,၉၅၁ | -၉၈.၇% |
| လူစီးမီးပုံးပျံ (Passenger Income) | - | ၃,၇၆၀,၄၄၆,၀၆၃ | -၁၀၀% |
| အစားအသောက်နှင့် အဖျော်ယမကာ | ၁၂,၁၃၀,၅၂၁ | ၁,၄၃၈,၄၀၉,၂၉၉ | -၉၉.၂% |
| အခြား | ၄၅၀,၇၆၇ | ၂၀၈,၈၈၂,၃၆၄ | -၉၉.၈% |
| **စုစုပေါင်း** | ၅၄,၈၉၄,၅၃၀ | ၈,၆၅၆,၀၁၃,၆၇၆ | -၉၉.၄% |
| **ရောင်းချမှုအတွက်ကုန်ကျစရိတ်** | | | |
| အခန်းနှင့်လူစီးမီးပုံးပျံ | ၈၀,၉၆၂,၃၂၁ | ၂,၂၄၄,၅၁၈,၆၆၉ | -၉၆.၄% |
| အစားအသောက်နှင့် အဖျော်ယမကာ | ၄၀,၁၃၆,၆၁၁ | ၈၅၁,၈၇၀,၄၆၇ | -၉၅.၃% |
| အခြား | ၄,၄၆၃,၀၀၄ | ၆၆,၈၂၄,၂၃၃ | -၉၃.၃% |
| **စုစုပေါင်း** | ၁၂၅,၅၆၁,၉၃၆ | ၃,၁၆၃,၂၁၃,၃၆၉ | -၉၆.၀% |
| **အကြမ်းအမြတ်** | (၇၀,၆၆၇,၄၀၆) | ၅,၄၉၂,၈၀၀,၃၀၈ | -၁၀၁.၃% |
| **အခြားဝင်ငွေ** | ၄,၀၆၅,၂၁၅ | ၁၃,၇၈၁,၁၁၇ | -၇၀.၅% |

| | | | |
|---|---|---|---|
| **အခြားကုန်ကျစရိတ်** | ၂,၁၂၅,၀၂၄,၆၁၄ | ၂,၀၇၁,၄၇၀,၁၈၅ | ၂.၆% |
| EBITDA | (၂,၁၉၁,၆၂၆,၈၀၅) | ၃,၄၃၅,၁၁၁,၂၃၉ | -၁၆၃.၈% |
| EBIT | (၃,၃၁၁,၄၃၉,၀၁၇) | ၂,၂၅၇,၈၃၆,၇၀၉ | -၂၄၆.၇% |
| **အတိုးစရိတ်** | ၇၀၃,၂၀၀,၄၂၅ | ၇၈၆,၁၂၄,၁၈၄ | -၁၀.၅% |
| **အခွန်မပေးမီ အမြတ်** | (၄,၀၁၄,၆၃၉,၄၄၂) | ၁,၄၇၁,၇၁၂,၅၂၆ | -၃၇၂.၈% |
| **နှစ်တစ်နှစ်အတွက် စုစုပေါင်း အသားတင် အမြတ်(အရှုံး)** | (၄,၀၁၄,၆၃၉,၄၄၂) | ၁,၂၀၉,၅၁၃,၇၆၉ | -၄၃၁.၉% |

အပန်းဖြေဟိုတယ်များနှင့် လူစီးမီးပုံးပျံဝန်ဆောင်မှု လုပ်ငန်းများကို စီမံခန့်ခွဲခြင်းနှင့် လုပ်ကိုင်ဆောင်ရွက်ခြင်းသည် ကျွန်ုပ်တို့လုပ်ငန်းစု၏ အဓိကလုပ်ငန်းများဖြစ်ပါသည်။ အထူးသဖြင့် လုပ်ငန်းစု၏ဝင်ငွေသည် လုပ်ငန်းစု၏လက်အောက်ခံကုမ္ပဏီများဖြစ်သော လုပ်ငန်းစုမှ ၉၉.၉၉ ရာခိုင်နှုန်း အစုရှယ်ယာပိုင်ဆိုင်သည့် UIG ကုမ္ပဏီနှင့် လုပ်ငန်းစုမှ ၅၁ ရာခိုင်နှုန်း အစုရှယ်ယာပိုင်ဆိုင်သည့် MB ကုမ္ပဏီများမှရရှိပါသည်။ ဝင်ငွေများကို ခွဲခြမ်းစိတ်ဖြာ ကြည့်မည်ဆိုလျှင် ဟိုတယ်နှင့် လူစီးမီးပုံးပျံလုပ်ငန်း များမှရသောဝင်ငွေ၊ အစားအသောက်နှင့် အဖျော်ယမကာ (Food & Beverage) မှရသောဝင်ငွေနှင့် အခြား (spa operations, guest laundry, souvenir etc.) မှရသော ဝင်ငွေများဟူ၍ ခွဲခြမ်းစိတ်ဖြာနိုင်ပါသည်။ မတ်လ ၃၁ ရက်နေ့တွင် ကုန်ဆုံးသည့် ၂၀၂၀ - ၂၀၂၁ နှစ်ဝက်ဘဏ္ဍာနှစ် အား ၂၀၁၉-၂၀၂၀ နှစ်ဝက်ဘဏ္ဍာနှစ် နှင့် နှိုင်းယှဉ် ကြည့်မည်ဆိုပါက ကျွန်ုပ်တို့၏ လုပ်ငန်းမှရရှိသောဝင်ငွေသည် ၉၉.၄ ရာခိုင်နှုန်းကျဆင်းခဲ့ပါသည်။ ဤသို့ ဝင်ငွေကျဆင်းရခြင်း၏ အဓိကအကြောင်းအရင်းမှာ လူစီးမီးပုံးပျံလုပ်ငန်းမှရရှိသော passenger income ၁၀၀ ရာခိုင်နှုန်း ကျဆင်းခဲ့ခြင်းနှင့် ဟိုတယ်လုပ်ငန်းမှရရှိသည့် အခန်းငှားရမ်းခဝင်ငွေ ရာနှုန်းပြည့်နီးပါး ကျဆင်းခဲ့မှုများကြောင့် ဖြစ်ပါသည်။ ၎င်းဝင်ငွေများနှင့်ဆက်စပ်သော တိုက်ရိုက်ကုန်ကျစရိတ်များ (Cost of Sales) ၉၆ ရာခိုင်နှုန်းခန့် ကျဆင်းခဲ့သော်လည်း အကြမ်းအမြတ်ရရှိသောအခြေအနေမှ အကြမ်းအရှုံးရရှိသော အခြေအနေသို့ ပြောင်းလဲရောက်ရှိခဲ့ပါသည်။ ဆိုလိုသည်မှာ ယခုလက်ရှိ ခြောက်လတာကာလတွင် ကုမ္ပဏီ၏ စုစုပေါင်းအကြမ်းအမြတ်မှာ ယခင်နှစ် ကာလတူဘဏ္ဍာနှစ်နှင့် နှိုင်းယှဉ်ကြည့်ပါကလည်း ၁၀၀ ရာခိုင်နှုန်း ကျဆင်းခဲ့ခြင်းဖြစ်ပါသည်။

ကျွန်ုပ်တို့ AMATA ၏ လုပ်ငန်းလုပ်ကိုင်ဆောင်ရွက်မှုများအပေါ် COVID-19 ၏ဆိုးဝါးသော အကျိုးသက်ရောက်မှုများနှင့် ကျွန်ုပ်တို့ထိန်းချုပ်၍မရနိုင်သော အခြေအနေများက ကြီးမားစွာ ထိခိုက်စေခဲ့ပါသည်။ ယခင် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်ဝက်နှင့်ကာလတူ ယခု ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် နှစ်ဝက်တွင် ကျွန်ုပ်တို့လုပ်ငန်းစု၏ လုပ်ငန်းဆောင်ရွက်နိုင်မှုနှင့် အမြတ်အစွန်းရရှိမှုတို့မှာ ပိုမိုဆိုးရွားခဲ့ရပါသည်။ အခြားကုန်ကျစရိတ်များဖြစ်သော Sales & Marketing ကုန်ကျစရိတ်များ၊ စီမံရေးရာနှင့်အထွေထွေကုန်ကျစရိတ်များနှင့် နိုင်ငံခြားငွေကြေးလဲလှယ်မှုမှ ဖြစ်ပေါ်လာသည့် အရှုံး (Foreign Currency Exchange Loss) များ အထူးအားဖြင့် နိုင်ငံခြားငွေကြေးလဲလှယ်မှုအရှုံး သည် ယခင် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်ဝက်နှင့်နှိုင်းယှဉ်ပါက ယခု ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် နှစ်ဝက်တွင်

သိသိသာသာမြင့်တက်လာခဲ့ပါသည်။ ရလဒ်အနေဖြင့် ယခု ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် နှစ်ဝက်တွင် ဝင်ငွေများနှင့် ယင်းနှင့်ဆက်စပ်သောတိုက်ရိုက်ကုန်ကျစရိတ်များ (Cost of Sales) များမှာ ကျဆင်းခဲ့သော်လည်း အခြားကုန်ကျစရိတ်များမှာ ၂.၆ ရာခိုင်နှုန်း မြင့်တက်လာခဲ့ပါသည်။ အတိုးအတွက်ကုန်ကျစရိတ် (Interest Expense) မှာ နိုင်ငံခြားချေးငွေကြောင့်ဖြစ်ပါသည်။ ကုမ္ပဏီ၏ စုစုပေါင်းအကြွမ်းအမြတ်နည်းတူ ကုမ္ပဏီ၏ စုစုပေါင်းဝင်ငွေအလုံးစုံ (Total Comprehensive Income) မှာလည်း ယခင် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်ဝက်တွင် ကျပ်ငွေ ၁.၂ ဘီလီယံအမြတ် ရရှိခဲ့သော်လည်း ယခု ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် ကာလတူ နှစ်ဝက်တွင် ကျပ် ၄ ဘီလံယံ အရှုံးပေါ်ခဲ့ပါသည်။

## နိုင်ငံခြားငွေကြေးလဲလှယ်မှုအမြတ်/အရှုံး (Foreign Currency Exchange Gain/Loss)

ကျွန်ုပ်တို့လုပ်ငန်းစုသည် Hotel industry ထဲတွင် လုပ်ကိုင်နေသော လုပ်ငန်းတစ်ခုဖြစ်သည့် အားလျော်စွာ ယေဘုယျအားဖြင့် ငွေကြေးလဲလှယ်မှုဆုံးရှုံးနိုင်ခြေ (exchange rate risk) နှင့် ရင်ဆိုင်ရလေ့ရှိပါသည်။ ယခုလက်ရှိဖြစ်ပေါ်နေသော စီးပွားရေးအခြေအနေ မတည်ငြိမ်မှုများနှင့် ကျွန်ုပ်တို့ထိန်းချုပ်၍မရနိုင်သော အခြေအနေများကြောင့် ဖြစ်ပေါ်လာမည့် နိုင်ငံခြားငွေကြေး လဲလှယ်နှုန်းများသည် မထင်မှတ်ထားပဲ မြင့်တက်လာခဲ့ခြင်းသည် ကျွန်ုပ်တို့လုပ်ငန်းစုအတွက် ကြီးမားသော နိုင်ငံခြားငွေကြေးလဲလှယ်မှုအရှုံး ဖြစ်လာပါသည်။ ၎င်းအား COVID-19 ၏ သက်ရောက်မှုများနှင့် ကျွန်ုပ်တို့ထိန်းချုပ်၍မရနိုင်သော အခြေအနေများမရှိခဲ့သော ယခင်ကာလတူ ဘဏ္ဍာနှစ်ဝက်၏ ဘဏ္ဍာရေးရှင်းတမ်းများနှင့် နှိုင်းယှဉ်ကြည့်ပါက တွေ့မြင်နိုင်ပါသည်။ အောက်ဖော်ပြပါ ယခုနှစ် နှစ်ဂက်ဘဏ္ဍာရေး ရှင်းတမ်းမှ ကောက်နှုတ်ဖော်ပြထားသော ဇယားကို ကြည့်မည်ဆိုပါက ငွေလဲလှယ်မှုဈေးနှုန်း ပြောင်းလဲမှုနှင့် အညီလိုက်၍ပြန်လည်တန်ဖိုးသင့်ရာမှ ပေါ်ပေါက်လာသည့် အရှုံး (Exchange Loss Unrealized) ၁.၆ ဘီလီယံတွင် နိုင်ငံခြားချေးငွေ ၁.၄ ဘီလီယံ သည် အဓိကအားဖြင့်ပါဝင်နေပါသည်။

| (မြန်မာကျပ်ငွေ)<br>**Exchange Rate Differential** | ၂၀၂၁ ခုနှစ် မတ်လ ၃၁ ရက်နေ့တွင် ကုန်ဆုံးသော ဘဏ္ဍာရေးနှစ် (၆ လ) | ၂၀၂၀ ခုနှစ် မတ်လ ၃၁ ရက်နေ့တွင် ကုန်ဆုံးသော ဘဏ္ဍာရေးနှစ် (၆ လ) | ပြောင်းလဲမှု % |
|---|---:|---:|---:|
| Exchange Rate Differential Realized | (၄,၂၆၇,၈၇၄) | ၁၈,၉၈၅,၁၅၀ | -၁၂၂.၅% |
| Exchange Rate Differential Unrealized | ၁,၆၇၈,၄၉၇,၇၅၁ | ၁၂၁,၉၉၈,၆၆၉ | ၁၂၇၅.၈% |
| **စုစုပေါင်း** | ၁,၆၇၄,၂၂၉,၈၇၇ | ၁၄၀,၉၈၃,၈၁၈ | ၁၀၈၇.၅% |

## ၂။ ဘဏ္ဍာရေးအခြေအနေ

### လက်ငင်းမဟုတ်သောရပိုင်ခွင့်များ (Non-Current Assets)

ကျွန်ုပ်တို့လုပ်ငန်းစု၏ လက်ငင်းမဟုတ်သောရပိုင်ခွင့်များတွင် ဟိုတယ်နှင့် လူစီးမီးပုံးပျံဝန်ဆောင်မှုလုပ်ငန်းများတွင် အသုံးပြုသော ပုံသေပိုင်ပစ္စည်းများ (Property, plant and equipment) များ အဓိကပါဝင်ပါသည်။ လက်ငင်းမဟုတ်သောရပိုင်ခွင့်များ ၄.၄ ရာခိုင်နှုန်း ကျဆင်းရခြင်းမှာ ဟိုတယ်နှင့် လူစီးမီးပုံးပျံဝန်ဆောင်မှုလုပ်ငန်းများတွင် အသုံးပြုသည့် ထိတွေ့နိုင်သောပစ္စည်းများ (tangible assets) နှင့် မထိတွေ့နိုင်သောပစ္စည်းများ (intangible assets)၏ တန်ဖိုးလျော့စရိတ် (depreciation & amortization) တို့ကြောင့်ဖြစ်ပါသည်။

| (မြန်မာကျပ်ငွေ) | ၂၀၂၁ ခုနှစ် မတ်လ ၃၁ ရက်နေ့တွင် ကုန်ဆုံးသော ဘဏ္ဍာရေးနှစ်(၆ လ) | ၂၀၂၀ ခုနှစ် မတ်လ ၃၁ ရက်နေ့တွင် ကုန်ဆုံးသော ဘဏ္ဍာရေးနှစ် (၆ လ) | ပြောင်းလဲမှု % |
|---|---|---|---|
| **လက်ငင်းမဟုတ်သော ရရန်ပိုင်ခွင့်များ** | ၅၀,၂၇၁,၁၀၅,၅၆၃ | ၅၂,၅၇၉,၉၁၅,၈၈၈ | -၄.၄% |

### လက်ငင်းရပိုင်ခွင့်များ (Current Assets)

ကျွန်ုပ်တို့လုပ်ငန်းစု၏ လက်ငင်းရပိုင်ခွင့်များထဲတွင် ကုန်ပစ္စည်းလက်ကျန်များ၊ ရရန်ရှိများ၊ ကြိုတင်ပေးထားငွေများ၊ ပတ်သက်ဆက်နွယ်သူများထံမှရရန်ရှိများ (amount due from related parties) နှင့် ငွေသားနှင့်ငွေသားကဲ့သို့သောအရာ (cash and cash equivalents) များပါဝင်သည်။ လက်ငင်းရပိုင်ခွင့်များသည် ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်ဝက်နှင့် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်အတွင်း ၁၆.၉ ရာခိုင်နှုန်း ကျဆင်းခဲ့ပြီး အဓိကအကြောင်းအရင်းမှာ ရရန်ရှိများ ၈၈ ရာခိုင်နှုန်း ကျဆင်းခဲ့ခြင်းနှင့် ကြိုတင်ပေးထားငွေများ ၅၃ ရာခိုင်နှုန်း ကျဆင်းခဲ့ခြင်းတို့ကြောင့်ဖြစ်ပါသည်။

| (မြန်မာကျပ်ငွေ) | ၂၀၂၁ ခုနှစ် မတ်လ ၃၁ ရက်နေ့တွင် ကုန်ဆုံးသော ဘဏ္ဍာရေးနှစ် (၆ လ) | ၂၀၂၀ ခုနှစ် မတ်လ ၃၁ ရက်နေ့တွင် ကုန်ဆုံးသော ဘဏ္ဍာရေးနှစ် (၆ လ) | ပြောင်းလဲမှု % |
|---|---|---|---|
| **လက်ငင်းရရန်ပိုင်ခွင့်များ** | ၃,၅၈၂,၄၉၈,၆၁၅ | ၄,၃၁၂,၀၈၆,၃၇၀ | -၁၆.၉% |

### လက်ငင်းပေးရန်တာဝန်များ (Current Liabilities)

လုပ်ငန်းစု၏ အဓိကကျသော လက်ငင်းပေးရန်တာဝန်များတွင် ကာလရှည်ချေးငွေများမှ လက်ရှိပေးရန်ရှိသည်များ၊ ပေးရန်တာဝန်ရှိများ၊ ကြိုတင်အသုံးပြုထားသောစရိတ်များအတွက် ပေးရန်တာဝန်များ၊ ပေးချေရနိုင်သောအခွန်၊ လျာထားအသုံးစရိတ်များအတွက် ပေးရန်တာဝန်နှင့် ကြိုတင်တောင်းခံထားသောစရံငွေ နှင့် အခြား ပေးရန်တာဝန်များ၊ ယင်းတွင် ကော်မရှင် နှင့်

အခြားအထွေထွေအရပ်ရပ်များ ပါဝင်ပါသည်။ ယခု ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်ဝက်တွင် လက်ငင်းပေးရန်တာဝန်မှာ ၃၉.၂ ရာခိုင်နှုန်း မြင့်တက်ခဲ့ပြီး ယင်းသို့ဖြစ်ရသည့် အဓိက အကြောင်း အရင်းမှာ နိုင်ငံခြားငွေဖြင့်ချေးယူထားသော ချေးငွေအတွက် ပေးဆပ်ရမည့် အတိုး ၁.၉ဘီလီယံ ကြောင့် ဖြစ်ပါသည်။

| (မြန်မာကျပ်ငွေ) | ၂၀၂၁ ခုနှစ် မတ်လ ၃၁ ရက်နေ့တွင် ကုန်ဆုံးသော ဘဏ္ဍာရေးနှစ် (၆ လ) | ၂၀၂၀ ခုနှစ် မတ်လ ၃၁ ရက်နေ့တွင် ကုန်ဆုံးသော ဘဏ္ဍာရေးနှစ် (၆ လ) | ပြောင်းလဲမှု % |
|---|---:|---:|---:|
| **လက်ငင်းပေးရန်တာဝန်များ** | ၇,၄၆၆,၂၁၉,၈၃၅ | ၅,၃၆၂,၁၁၇,၁၉၀ | ၃၉.၂% |

လက်ကျန်ရှင်းတမ်းတွင်ရှိသော ပေးဆပ်ရမည့် အတိုး (အစီအရင်ခံသောနေ့တွင်ရှိသော ပေးရန်ရှိသည်များကို ဆိုလိုသည်) သည် ယခင် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်ဝက်နှင့် နှိုင်းယှဉ်ကြည့်ပါက ယခု ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်ဝက်တွင် ကျပ်ငွေ ၁.၉ ဘီလီယံကျော်မြင့်တက်လာခဲ့ပါသည်။ အဓိက အကြောင်းအရင်းမှာ နိုင်ငံခြားငွေဖြင့်ချေးယူထားသော ချေးငွေအတွက် ပေးဆပ်ရမည့်အတိုးကို ၂၀၁၉ ခုနှစ် ဒီဇင်ဘာ ၁၆ ရက်မှ ၂၀၂၁ ခုနှစ် မတ်လ ၃၁ ရက်သို့ ရွှေ့ဆိုင်းခဲ့ခြင်းကြောင့်ဖြစ်ပါသည်။ ယင်းသို့ရွှေ့ဆိုင်းခဲ့ရသည့် အကြောင်းအရင်းမှာ ၂၀၁၉ ခုနှစ် ကုန်ဆုံးခါနီးတွင် Covid-19 ကူးစက်ရောဂါ စတင်ပျံ့နှံ့ဖြစ်ပွားခဲ့သည့်အတွက် မြန်မာ့ခရီးသွားလုပ်ငန်း နေးကွေး ကျဆင်းလာခဲ့ခြင်းကြောင့် ဖြစ်ပါသည်။
လုပ်ငန်းစုသည် မကြာသေးမီက ချေးငွေချေးပေးသူနှင့် ပေးရန်ရှိသော အတိုးကိစ္စအတွက် ဆွေးနွေးနေပြီး ၎င်းနှင့်ပတ်သက်သည့် နောက်ဆုံးအခြေအနေများကို ထပ်မံအသိပေးသွားမည် ဖြစ်ပါသည်။ လုပ်ငန်းစုသည် အတိုးအတွက်ပေးရန်ရှိသည်များကို ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ်တွင် မြန်မာ့ခရီးသွားလုပ်ငန်း ပုံမှန်အခြေအနေပြန်ရောက်လာသောအခါ ချေးငွေချေးပေးသူအား ပေးဆပ်နိုင်ရန် ရည်ရွယ်ထားပါသည်။

**လက်ငင်းမဟုတ်သောပေးရန်ရှိတာဝန်များ (Non-Current Liabilities)**

လက်ငင်းမဟုတ်သောပေးရန်ရှိတာဝန်များတွင် ကာလရှည်ချေးငွေများ၊ အခြားလက်ငင်းမဟုတ်သော ပေးရန်ရှိတာဝန်များအပြင် မြေနှင့်အဆောက်ဦး ငှားရမ်းမှုအတွက်ပေးရန်တာဝန် (finance lease obligation ) များပါဝင်ပါသည်။ ကုမ္ပဏီတွင် နိုင်ငံခြားငွေဖြင့် ချေးယူထားသော ကာလရှည် ချေးငွေမှာ ယခု မတ်လ ၃၁ ရက်နေ့ နှစ်ဝက်ဘဏ္ဍာနှစ်တွင် ကျပ်ငွေ ၁၄.၅၈ ဘီလီယံနှင့်ညီမျှသော ပမာဏဖြစ်ပါသည်။ ယခင် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်ဝက်နှင့် နှိုင်းယှဉ်ကြည့်ပါက ယခု ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်ဝက်တွင် လက်ငင်းမဟုတ်သောပေးရန်ရှိတာဝန်မှာ ၇.၆ ရာခိုင်နှုန်း ကျဆင်းခဲ့ပြီး ယင်းသို့ဖြစ်ရသည့်အကြောင်းအရင်းမှာ United International Group Limited (AMATA ၏လက်အောက်ခံကုမ္ပဏီ) မှ Amata International Company (AIC) သို့ အင်းလေးဟိုတယ်၏

ပိုင်ဆိုင်မှုများလွှဲပြောင်းခြင်းအတွက် ပေးရန်ရှိသော ကျပ် ၁ ဘီလီယံကို စာရင်းချေမှု (written off) ပြုလုပ်ခဲ့ခြင်းကြောင့်ဖြစ်ပါသည်။

| (မြန်မာကျပ်ငွေ) | ၂၀၂၁ ခုနှစ် မတ်လ ၃၁ ရက်နေ့တွင် ကုန်ဆုံးသော ဘဏ္ဍာရေးနှစ် (၆ လ) | ၂၀၂၀ ခုနှစ် မတ်လ ၃၁ ရက်နေ့တွင် ကုန်ဆုံးသော ဘဏ္ဍာရေးနှစ် (၆ လ) | ပြောင်းလဲမှု % |
|---|---|---|---|
| **လက်ငင်းမဟုတ်သော ပေးရန်တာဝန်ရှိမှုများ** | ၁၇,၂၉၉,၄၀၉,၁၃၅ | ၁၈,၇၁၃,၇၁၄,၇၀၈ | -၇.၆% |

## ရှယ်ယာရှင်များ၏ စုစုပေါင်းပိုင်ဆိုင်ခွင့်များ (Total Equity)

ရှယ်ယာရှင်များ၏ စုစုပေါင်းပိုင်ဆိုင်ခွင့်များ (Total Equity)တွင် အစုရှယ်ယာမတည်ရင်းနှီးငွေ၊ အမြတ်ငွေလက်ကျန် (retained earnings) နှင့် Non-Controlling Interest (NCI) တို့ပါဝင်သည်။ ရှယ်ယာရှင်များ၏ စုစုပေါင်းပိုင်ဆိုင်မှုသည် ယခင် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်ဝက်နှင့် နှိုင်းယှဉ်ကြည့်ပါက ယခု ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်ဝက်တွင် ၁၁.၄ ရာခိုင်နှုန်းကျဆင်းခဲ့ပါသည်။ ထိုသို့ကျဆင်းရခြင်း၏ အဓိကအကြောင်းအရင်းမှာ ယခုလက်ရှိ ဘဏ္ဍာနှစ်ဝက်ကာလတွင် ကုမ္ပဏီသည် အရှုံးပေါ်ပေါက်၍ ယခင်လက်ကျန်အမြတ်မှ ကျပ် ၃.၃ ဘီလီယံ ကျဆင်းခဲ့ခြင်းကြောင့် ဖြစ်ပါသည်။

| (မြန်မာကျပ်ငွေ) | ၂၀၂၁ ခုနှစ် မတ်လ ၃၁ ရက်နေ့တွင် ကုန်ဆုံးသော ဘဏ္ဍာရေးနှစ် (၆ လ) | ၂၀၂၀ ခုနှစ် မတ်လ ၃၁ ရက်နေ့တွင် ကုန်ဆုံးသော ဘဏ္ဍာရေးနှစ် (၆ လ) | ပြောင်းလဲမှု % |
|---|---|---|---|
| **ရှယ်ယာရှင်များ၏ စုစုပေါင်းပိုင်ဆိုင်ခွင့်များ** | ၂၉,၀၈၇,၉၇၅,၂၀၈ | ၃၂,၈၁၆,၁၇၀,၃၆၀ | -၁၁.၄% |

## ၃။ ဘဏ္ဍာရေးငွေဖြစ်လွယ်မှု

လုပ်ငန်းစု၏ ဘဏ္ဍာရေးငွေဖြစ်လွယ်မှုကို တိုင်းတာထားသော အဓိကအချိုး (key ratios) များကို အောက်ပါဇယားတွင် ဖော်ပြထားပါသည်။

| | ၂၀၂၁ ခုနှစ် မတ်လ ၃၁ ရက်နေ့တွင်ကုန်ဆုံးသော ဘဏ္ဍာရေးနှစ် (၆ လ) | ၂၀၂၀ ခုနှစ် မတ်လ ၃၁ ရက်နေ့တွင်ကုန်ဆုံးသော ဘဏ္ဍာရေးနှစ် (၆ လ) |
|---|---|---|
| ကာလတိုပေးရန်တာဝန် အချိုး | ၀.၄၆ | ၀.၇၇ |
| ကြွေးမြီ နှင့် ရှယ်ယာရှင်များ၏ ပိုင်ဆိုင်ခွင့်အချိုး | ၀.၈၅ | ၀.၇၃ |
| ကြွေးမြီနှင့်ရရန်ပိုင်ခွင့်အချိုး | ၀.၄၆ | ၀.၄၂ |

လုပ်ငန်းစု၏ ဘဏ္ဍာရေးငွေဖြစ်လွယ်မှုအချိုးများကိုကြည့်လျှင် အများအားဖြင့် လုပ်ငန်းစုတွင် ပေးဆပ်ရန်ရှိသော အကြွေးများအား ပေးဆပ်ရန် လုံလောက်သော ရပိုင်ခွင့်များနှင့် ပိုင်ဆိုင်မှုများ ရှိသည်ဟု ပြော၍ရသော်လည်း ချွင်းချက်အနေဖြင့် ကာလတိုပေးရန်တာဝန်အချိုးသည် မတ်လ ၃၁ ရက်နေ့တွင်ကုန်ဆုံးသော ယခင် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်ဝက်နှင့် နှိုင်းယှဉ်ကြည့်ပါက ယခု ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်ဝက်တွင် အနည်းငယ်လျော့နည်းခဲ့သည်ကို တွေ့ရပါသည်။ လုပ်ငန်းစုတွင် လုပ်ငန်းချဲ့ထွင်ရန်အတွက် လုံလောက်သော ငွေကြေးအရင်းအမြစ်များရှိပြီး အစုရှယ်ယာရှင်များ၏ ပိုင်ဆိုင်မှု (Shareholders’ Equity)၊ လက်အောက်ခံကုမ္ပဏီများ၏ ပိုင်ဆိုင်မှုနှင့် လက်ကျန်အမြတ်များမှလည်း ဘဏ္ဍာငွေဖြည့်တင်းနိုင်ပါသည်။ လုပ်ငန်းစု၌ ဟိုတယ်လုပ်ငန်းများ ချဲ့ထွင်ရန်အတွက် ချေးငွေဖြင့် ဘဏ္ဍာငွေဖြည့်တင်းထားသည့် နိုင်ငံခြားငွေဖြင့်ချေးယူထားသော ချေးငွေရှိပါသည်။ သို့သော်ငြားလည်း ၎င်းချေးငွေမှာ ကာလရှည်ဖြစ်ပြီး လုပ်ငန်းစုအနေဖြင့် ချေးငွေပြန်လည် ပေးဆပ်မှုအချိန်ဇယားအား ပြန်လည်ပြင်ဆင်ရန် ချေးငွေပေးသူနှင့် သဘောတူညီမှု ရရှိထားပြီးဖြစ်သည်။ နောက်ဆုံးတင်သွင်းသည့်နေ့စွဲအရ လုပ်ငန်းစု၏ စီမံအုပ်ချုပ်မှုအဖွဲ့သည် လုပ်ငန်းအစီအစဉ်များနှင့် လုပ်ငန်းကြီးထွားလာမှုအပေါ်မူတည်၍ လုပ်ငန်းစု၌ ပေးရန်ရှိသော ကာလတိုနှင့် ကာလရှည်ချေးငွေများကို သတ်မှတ်ထားသော အချိန်ဇယားအတိုင်း ပေးဆပ်နိုင်မည်ဟု ယုံကြည်ပါသည်။

ဒါရိုက်တာဘုတ်အဖွဲ့ ကိုယ်စား

ဦးဝင်းအောင်

ဥက္ကဋ္ဌ

**MANAGEMENT'S DISCUSSION AND ANALYSIS**

*The following Management Discussion and Analysis ("MD&A") is based on Amata Holding Public Company Limited ("Amata") Consolidated Unaudited Interim Financial Statements for the half year ended 31t March 2021 ("HFY2020-2021") and should be read in conjunction with those financial statements and related notes thereto. All currency amounts in the MD&A are expressed in Myanmar Kyats unless otherwise specified.*

## 1. Operating Results

The Group's operating performance for the half years ended 31 March 2020 and 2021 are shown below.

| (Kyat) | Interim Financial Year ended 31 March 2021 (6 months) | Interim Financial Year ended 31 March 2020 (6 months) | % Change |
|---|---|---|---|
| **Operating Revenue** | | | |
| Room Sales | **42,313,242** | **3,248,295,951** | **-98.7%** |
| Passenger Income (Balloon) | - | **3,760,446,063** | **-100%** |
| Food and Beverage | **12,130,521** | **1,438,409,299** | **-99.2%** |
| Others | **450,767** | **208,882,364** | **-99.8%** |
| **Total** | **54,894,530** | **8,656,033,676** | **-99.4%** |
| **Cost of Sales** | | | |
| Room and Balloon | **80,962,321** | **2,244,538,669** | **-96.4%** |
| Food and Beverage | **40,136,611** | **851,870,467** | **-95.3%** |
| Others | **4,463,004** | **66,824,233** | **-93.3%** |
| **Total** | **125,561,936** | **3,163,233,369** | **-96.0%** |
| **Gross Profit/(Loss)** | **(70,667,406)** | **5,492,800,308** | **-101.3%** |
| **Other Income** | **4,065,215** | **13,781,117** | **-70.5%** |
| **Other Expense** | **2,125,024,614** | **2,071,470,185** | **2.6%** |
| **EBITDA** | **(2,191,626,805)** | **3,435,111,239** | **-163.8%** |
| **EBIT** | **(3,311,439,017)** | **2,257,836,709** | **-246.7%** |
| **Interest Expense** | **703,200,425** | **786,124,184** | **-10.5%** |
| **Profit before Tax** | **(4,014,639,442)** | **1,471,712,526** | **-372.8%** |
| **Total Comprehensive Income** | **(4,014,639,442)** | **1,209,513,769** | **-431.9%** |

The Group's principal business activity is the management and operations of resort hotel and hot air ballooning business. Specifically, the revenue of the Group is derived from revenues generated from the subsidiaries, UIG which we own 99.99% and MB in which we have 51% interest. The revenues can be broken down into revenue from hotel and ballooning operations and revenue from food and beverage (F&B) and Others (including spa operations, guest laundry, souvenir etc.). For the half year ended March 31, between HFY 2019-2020 and HFY 2020-2021, the total operating revenue decrease by 99.4%. This is contributed mainly from a 100% decrease in passenger income of hot air ballooning operations and room sales revenue of hotel business. The cost associated with these revenues also decrease by 96% and gross profit turns to gross loss that means a 100% decrease of gross profit in current 6 months' period compare to the same period of previous year.

Adverse impact of COVID – 19 and uncontrollable situations by us were significant and they severely affected the hotel business operation of Amata. Our Group's business performance and profitability was worse in this first half year HFY 2020-2021 compare to the same period of previous year HFY 2019-2020. Other Expenses, which include Sales

and Marketing, Administrative and General Expenses and foreign currency exchange loss, especially foreign currency exchange loss has significantly increased in HFY 2020-2021 compared to HFY 2019-2020. As a result, there is a 2.6% increase of other expenses even though respective revenues and costs have relatively decreased in HFY 2020 – 2021. The Interest Expense is associated with the foreign currency loan. Similar to gross profit, total comprehensive income turns to loss 4 billion Kyats in HFY 2020 – 2021 compared to HFY 2019 – 2020 that can make profit 1.2 billion Kyats for the same period.

**Foreign Currency Exchange Gain/Loss**

Since the Group operates mainly in the Hotel industry, the business almost always encounters the exchange rate risk in general. Nowadays due to the current unstable conditions of economic and uncontrollable situations by us, the dramatic increase of foreign currency exchange rate will lead to significant increase of foreign currency exchange loss for the Group by comparing to the same period of previous year's six months' financial statements which was operated in normal condition without having adverse impact of COVID - 19 and ~~a~~ny others uncontrollable situations by us. As per below table extracted from the interim financial statements of the current period, unrealized exchange loss 1.6 billion Kyats in the financial statements consists of mainly 1.4 billion Kyats from the foreign currency loan.

| (Kyat)<br>**Exchange Rate Differential** | **Interim Financial Year ended 31 March 2021(6 months)** | **Interim Financial Year ended 31 March 2020 (6 months)** | **% Change** |
|---|---|---|---|
| Exchange Rate Differential – realized | **(4,267,874)** | **18,985,150** | **-122.5%** |
| Exchange Rate Differential – unrealized | **1,678,497,751** | **121,998,669** | **1275.8%** |
| **Total** | **1,674,229,877** | **140,983,818** | **1087.5%** |

## 2. Financial Condition

***Non-Current Assets***

The Group's major non-current assets comprise of properties, plant and equipment for hotel and hot air ballooning services. A 4.4% decrease in non-current assets is primarily attributable to depreciation and amortization of tangible assets and intangible assets of hotel and hot air ballooning.

| (Kyat) | **Interim Financial Year ended 31 March 2021(6 months)** | **Interim Financial Year ended 31 March 2020 (6 months)** | **% Change** |
|---|---|---|---|
| **Non-Current Assets** | **50,271,105,563** | **52,579,915,888** | **-4.4%** |

*Current Assets*

The current assets comprise of inventory, account receivables, prepayment and advance, amount due from related parties, and cash and cash equivalents. For the half year ended HFY 2020-2021 and FY 2019-2020, a 16.9 % decrease in current assets reflects mainly an 88% decrease in account receivables and a 53% decrease in prepayment and advance.

| (Kyat) | **Interim Financial Year ended 31 March 2021(6 months)** | **Interim Financial Year ended 31 March 2020 (6 months)** | **% Change** |
|---|---|---|---|
| **Current Assets** | **3,582,498,615** | **4,312,086,370** | **-16.9%** |

*Current Liabilities*

The Group's major current liabilities include current portion of long-term borrowings, accounts payable, accrued expenses, tax payable, provision and deposit, and other liabilities, which consist of commission and other miscellaneous. A 39.2% increase in current liabilities for the half year ended HFY 2020-2021 vs. HFY 2019-2020 is mainly due to an increase by 1.9 billion Kyats of interest payable for the foreign currency loan.

| (Kyat) | **Interim Financial Year ended 31 March 2021(6 months)** | **Interim Financial Year ended 31 March 2020 (6 months)** | **% Change** |
|---|---|---|---|
| **Current Liabilities** | **7,466,219,835** | **5,362,117,190** | **39.2%** |

As the interest payable is a balance sheet item (i.e., liabilities as at the reporting date), it increased by 1.9 billion Kyats in HFY 2020-2021 compared to HFY 2019-2020 which was mainly due to the defer interest payment for foreign currency loan from 16 December 2019 to 31 March 2021 of the interest expenses. The reason of defer interest payment is due to Covid-19 outbreak in late 2019 which caused Myanmar tourism to slowdown.

Recently, the Group is still discussing this interest payable with loan provider and will disclose the update on this regard. The Group intended to pay the outstanding interest payable to loan provider in FY 2021-2022 when the tourism in Myanmar is back to normal condition.

*Non-Current Liabilities*

The Non-Current Liabilities comprise of long-term borrowings, other non-current liabilities and finance lease obligation. As at half year ended 31 March 2021, we have outstanding long-term borrowings of 14.58billion equivalent Kyats from the foreign currency loan. A 7.6% decrease in non-current liabilities for the half year ended HFY 2020-2021 compared to HFY 2019-2020 is mainly due to written off 1 billion Kyats payable to Amata International Company (AIC) by United International Group Limited (Subsidiary of Amata Holding Public Company Limited) for assets transfer of Inle hotel.

| (Kyat) | **Interim Financial Year ended 31 March 2021(6 months)** | **Interim Financial Year ended 31 March 2020 (6 months)** | **% Change** |
|---|---|---|---|
| **Non-current Liabilities** | **17,299,409,135** | **18,713,714,708** | **-7.6%** |

***Total equity***

The total equity consists of share capital, retained earnings and non-controlling interest (NCI). For the half year ended 31 March 2021, HFY 2020-2021, the total equity is down by 11.4% compared to HFY 2019–2020 which is mainly due to a decrease by 3.3 billion Kyats of retained earnings for making loss in current period.

| (Kyat) | **Interim Financial Year ended 31 March 2021(6 months)** | **Interim Financial Year ended 31 March 2020 (6 months)** | **% Change** |
|---|---|---|---|
| **Total Equity** | **29,087,975,208** | **32,816,170,360** | **-11.4%** |

### 3. Liquidity

The following table shows the key ratios indicating that the financial liquidity of the Group.

| | **Interim Financial Year ended 31 March 2021 (6 months)** | **Interim Financial Year ended 31 March 2021 (6 months)** |
|---|---|---|
| Quick Ratio | **0.46** | **0.77** |
| Debt to Equity Ratio | **0.85** | **0.73** |
| Debt to Asset Ratio | **0.46** | **0.42** |

By looking at the liquidity ratio of the Group, it mostly indicates that the Group has sufficient assets and equity ability to pay its debt except quick ratio of current half year ended 31 March 2021 HFY 2020-2021 which seems a little weak compared to the same period of the previous year, HFY 2019-2020. The Group has adequate capital resources for its expansion and growth, financing mainly from shareholders' equity and retained earnings from our subsidiaries' businesses. The Group has some foreign currency loan for debt financing to expand the hotel business, however, that is a long term loan and the Group has reached an agreement with the loan provider for a revised loan repayment schedule. As at the latest practicable date, the Group's management believes that the Group has the ability to pay its short and long term debt according to its schedule based on the business plan and business growth of the Group.

On Behalf of the Board of Directors,

U Win Aung

Chairman